# အသိပေးကြေညာခြင်း

၁။ မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက်တွင် တရားဝင် ဝင်/ထွက် ပေါက် (၃)ခုဖြင့် လက်ရှိ ဝင်/ထွက်ခွင့် ပြုလျက်ရှိပါသည်။ ယခုအခါ အောက်ဖော်ပြပါ နယ်စပ်ဝင်/ထွက်ပေါက် (၄)ခုအား အပြည်ပြည်ဆိုင်ရာ ဝင်/ထွက် ပေါက် အဖြစ် သတ်မှတ်၍ သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ဗီဇာရှိသူ မြန်မာ-ထိုင်း နိုင်ငံသားများနှင့် တတိယနိုင်ငံသား များအား (၂၈-၈-၂၀၁၃) ရက်နေ့ နံနက် (၀၈း၀၀) နာရီ မှ စတင်၍ ဝင်/ထွက် ခွင့်ပြု သွားတော့မည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည် -

| | | | |
|---|---|---|---|
| **(က)** | **တာချီလိတ်** | **-** | **မယ်ဆိုင်** |
| **(ခ)** | **မြဝတီ** | **-** | **မဲဆောက်** |
| **(ဂ)** | **ကော့သောင်း** | **-** | **ရနောင်း** |
| **(ဃ)** | **ထီးခီး** | **-** | **ဖူနာရွန်** |

၂။ အထက်ဖော်ပြပါဝင်/ထွက်ပေါက်များမှ ဝင်ရောက်လာသူများအား မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ လေဆိပ်များ အပါအဝင်၊ အဆိုပါ ဝင်/ထွက် ပေါက်(၄)ပေါက်အနက် မည်သည့်ဝင်/ထွက်ပေါက်မဆို ပြန်လည်ဝင်/ထွက်ခွင့် ပြုမည်ဖြစ်ပါသည်။ ယခင် သတ်မှတ်အခ နှုန်းထားများ မပြောင်းလဲဘဲ ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန် သတ်မှတ်ထားသော **ကန့်သတ်နယ်မြေများမှ အပ** မည်သည့်နေရာမဆို သွားရောက်လည်ပတ်ခွင့်ပြုမည်ဖြစ်ပါသည်။ လတ်တလောအခြေအနေအရ အဆိုပါဝင်/ထွက်ပေါက်(၄)ခုတွင် ဆိုက်ရောက် ဗီဇာ ခွင့်ပြုပေးခြင်း မရှိသေးပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာသံရုံး၊ စင်ကာပူ**